MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအား အသိပေးကြေညာခြင်း

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards) နှင့် အညီပြုစုထားသော ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ပစာရင်းစစ်အဖွဲ့မှ သုံးသပ်မှုပြီးစီးပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန်အတွက် ဤထုတ်ပြန်ချက်ဖြင့် အသိပေးကြေညာအပ်ပါသည်။

ဤ ဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ နောက်ဆက်တွဲရှင်းလင်းချက်အပြည့်အစုံကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အတည်ပြုထားရှိပြီး ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒေါက်တာမောင်မောင်အေး
မန်နေးဂျင်းဒါရိုက်တာ

# မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင် လီမိတက်(အမ်အေဂျီဒီပီအယ်လ်)

၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

ဘဏ္ဍာရေးရှင်းတမ်းများ

ငွေကြေး - မြန်မာကျပ်ငွေ

| | | |
|---|---|---|
| ကုမ္ပဏီအမည် | : | မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်) |
| ဘဏ္ဍာရေးကာလ | : | ဧပြီလ ၁ ရက် ၂၀၂၃ ခုနှစ် မှ မတ်လ ၃၁ ရက် ၂၀၂၄ ခုနှစ် |


| မာတိကာ | စာမျက်နှာ |
|---|---|
| စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂ မှ ၅ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၆ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၇ |
| အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း | ၈ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၉ |
| ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် မှတ်စုများ | ၁၀ မှ ၂၃ |

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်)
စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက်**

စီမံအုပ်ချုပ်သူများသည် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန် တာဝန်ရှိပါသည်။

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်)** ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဝင်ငွေအလုံးစုံပါသောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု ရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်း နှင့် အရေးပါသော စာရင်းဆိုင်ရာ မူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

ယင်းစီမံအုပ်ချုပ်သူများ၏ တာဝန်များတွင် ဆီလျော်သောစာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့် အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်း စသည်တို့ ပါဝင်ပါသည်။

ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား လွဲမှားစွာအသုံးပြုမှုမှ ကာကွယ်ရန်၊ လုပ်ငန်းဆောင်ရွက်ချက်များအားလုံးသည် သင့်လျော် မှန်ကန်မှုရှိရန်နှင့် သင့်တင့်လျောက်ပတ်သော ဘဏ္ဍာရေးရှင်းတမ်းများကိုရေးဆွဲရန်လိုအပ်သည့် သက်ဆိုင်ရာစာရင်း မှတ်တမ်းအားလုံးကို ပြည့်စုံမှန်ကန်စွာ ထိန်းသိမ်းထားရှိရန် အတွက် ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှု စနစ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ထိန်းသိမ်းခြင်း တာဝန်မှာ အဖွဲ့အစည်း၏ စီမံခန့်ခွဲသူများ၏ တာဝန်ပင်ဖြစ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၆၄ နှင့် ၂၅၇ (က) ပါ လိုအပ်ချက်များနှင့်အညီ ပြင်ဆင်ထားသော အစီရင်ခံစာ၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ထားပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

DR. MAUNG MAUNG AYE
MANAGING DIRECTOR
Myanma Agricultural &
General Development Public Ltd.

TUN LWIN
CHAIRMAN
Myanma Agricultural &
General Development Public Ltd.

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၉ )ရက်။

THADAR SIN COMPANY LIMITED
No.............
Date.............

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၉ )ရက်။

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်)၏ အစုရှယ်ယာရှင်များ**

**ဘဏ္ဍာရေးရှင်းတမ်းများနှင့် စပ်လျဉ်းသည့် စာရင်းစစ်ဆေးမှုအပေါ်အစီရင်ခံစာ**

**စာရင်းစစ်ထင်မြင်ယူဆချက်**

ကျွန်မတို့ စာရင်းစစ်အဖွဲ့သည် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်)၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းကိုင်မူဝါဒများ အကျဉ်းချုပ်ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၈၀ (က) နှင့် (ခ) အရ ကျွန်မတို့ ရရှိခဲ့သည့် စာရင်းစစ် အထောက်အထားများသည် ကျွန်မတို့၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

ကျွန်မတို့ စာရင်းစစ်အဖွဲ့သို့ ရှင်းလင်းတင်ပြထားသည့် ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေ၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards ) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေမှန်ကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ထင်မြင်ယူဆပါသည်။

**စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှု**

ကျွန်မတို့ စာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးမှုဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်မတို့အဖွဲ့၏ တာဝန်များကို ဤအစီရင်ခံစာ၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်မတို့သည် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာလိုအပ်ချက်များနှင့်အညီ ကုမ္ပဏီနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ပြီး အခြားသောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်မတို့ရရှိခဲ့သော စာရင်းစစ် အထောက်အထားများသည် ကျွန်မတို့၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

No.(5), Third Floor, Yadanar Road, (12 ) Ward, South Okkalapa Township, Yangon, Myanmar.
Ph - 09-5385199, 09-443036966, 09-443009737
Email – thadarsin21@gmail.com

THADAR SIN COMPANY LIMITED No.......... Date..........

**ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲကြီးကြပ်သူများ၏တာဝန်**

ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards ) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းမျာကို ရေးဆွဲနိုင်ရန် နှင့် လုပ်ငန်းတွင်းထိန်းချုပ်မှုအစီအစဉ်ကို အုပ်ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှု မရှိလျှင် ကုမ္ပဏီ၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လက်လုပ်ဆောင်နိုင်မှု အခြေအနေနှင့် ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့်သက်ဆိုင်သည့် စာရင်းကိုင်မှုများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏ တာဝန် ဖြစ်သည်။

စီမံခန့်ခွဲကြီးကြပ်သူများ၏တာဝန်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

**ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် စာရင်းစစ်၏တာဝန်**

ကျွန်မတို့၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ တစ်ရပ်လုံးသည် အရေးပါသော မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော် သေချာမှု ရရှိရန်နှင့် ကျွန်မတို့၏ စာရင်းစစ်ထင်မြင်ယူဆချက် ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန် ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှုဆိုသည်မှာ မြင့်မားသောအဆင့်သေချာမှု ဖြစ်သော်လည်း နိုင်ငံတကာ စာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက် ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှု တို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်း ဖော်ပြမှုများသည် တစ်ခုခြင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ ဩဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟု ထင်မြင်ယူဆပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်မတို့သည် စာရင်းစစ်ဆေးမှုတစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် အတတ်ပညာရှင်ဆိုင်ရာ သံသယစိတ် ထားရှိရန်ဖြစ်ပါသည်။

No.(5), Third Floor, Yadanar Road, (12 ) Ward, South Okkalapa Township, Yangon, Myanmar.
Ph - 09-5385199, 09-443036966, 09-443009737
Email – thadarsin21@gmail.com

ကျွန်မတို့သည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါ အန္တရာယ်များအား တုံ့ပြန်သော စာရင်းစစ် လုပ်ထုံး လုပ်နည်းများ ရေးဆွဲဆောင်ရွက်ရန်၊ ကျွန်မတို့၏ စာရင်းစစ် ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက် သင့်လျော်သော စာရင်းစစ်အထောက်အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုအရ ဖြစ်ပေါ်သော အရေးပါသည့် လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှုမပြုနိုင်ခြင်း အန္တရာယ်သည် မှားယွင်းမှုကြောင့် ဖြစ်ပေါ်သော အန္တရာယ်ထက် ပိုမိုမြင့်မားပါသည်။ အကြောင်းအရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှုစနစ်အား ကျော်လွှားခြင်းတို့ ပါဝင်နိုင်သောကြောင့် ဖြစ်ပါသည်။
- အခြေအနေနှင့်သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးရာတွင် ဌာနတွင်း ကြီးကြပ်မှုစနစ်အား နားလည်ရန်လိုအပ်သော်လည်း ကုမ္ပဏီ၏ ဌာနတွင်း ကြီးကြပ်မှုစနစ် ထိရောက်မှုအပေါ် စာရင်းစစ် ထင်မြင်ယူဆချက် ပေးရန် မရည်ရွယ်ပါ။
- စီမံအုပ်ချုပ်သူများမှပြုလုပ်သော စာရင်းခန့်မှန်းခြေများနှင့် သက်ဆိုင်ရာထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာမူဝါဒများ သင့်လျော်မှုကို အကဲဖြတ် ပါသည်။
- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမှု၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ်မူတည်၍ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသောသံသယများ ဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက် အခြေအနေရှိ/မရှိ သုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်မတို့အနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော အဆိုပါ ထုတ်ဖော်ချက်အား စာရင်းစစ် အစီရင်ခံစာတွင် ရည်ညွှန်း ဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ ထုတ်ဖော်ချက်များသည် လုံလောက်မှု မရှိပါက ကျွန်မတို့၏ စာရင်းစစ် အစီရင်ခံစာအား ပြင်ဆင်ရန် လိုအပ်ပါသည်။ ကျွန်မတို့၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများ အပေါ် အခြေခံပါသည်။ သို့သော် အနာဂတ် အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအား လုပ်ငန်းဆက်လက်လုပ်ဆောင်မှု ကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင်ပါသည်။
- ဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များ အပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်မှုများ နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များအား သင့်လျော်သည့် ပုံစံဖြင့် တင်ပြထားခြင်းရှိ/မရှိ သုံးသပ်ပါသည်။
- ကုမ္ပဏီအတွင်းရှိ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက် များနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်တွင် စာရင်းစစ် ထင်မြင်ယူဆချက် ကို ဖော်ပြနိုင်ရန် အတွက် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက်အထား များ ရယူပါသည်။

No.(5), Third Floor, Yadanar Road, (12 ) Ward, South Okkalapa Township, Yangon, Myanmar.
Ph - 09-5385199, 09-443036966, 09-443009737
Email – thadarsin21@gmail.com

ကုမ္ပဏီကို စာရင်းစစ်ဆေးခြင်းအတွက် လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် လုပ်ဆောင်မှုများအတွက် ကျွန်မတို့အဖွဲ့တွင် တာဝန်ရှိပါသည်။ ကျွန်မတို့၏ စာရင်းစစ် ထင်မြင်ယူဆချက်အတွက် ကျွန်မတို့ အဖွဲ့တွင်သာ တာဝန်ရှိပါသည်။

ကျွန်မတို့သည် စာရင်းစစ်ဆေးစဉ်အတွင်းတွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များ အပါအဝင် အရေးပါသော စာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အတိုင်းအတာ၊ အခြား ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်မတို့သည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ကျွန်မတို့၏ အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှု ရှိနိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာ ယူဆနိုင်သည့် ဆက်ဆံရေးများ၊ အခြား ကိစ္စရပ်များအားလုံးနှင့် အကာအကွယ် ပြုလုပ်ထားမှုများကို ဆက်သွယ်ဆောင်ရွက်ရန်အတွက် တင်ပြချက် တစ်စောင်ကို စီမံခန့်ခွဲကြီးကြပ်သူများသို့ ပေးပို့ပါသည်။

စီမံခန့်ခွဲကြီးကြပ်သူများသို့ ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ကိစ္စများအနက် လက်ရှိနှစ်၏ ဘဏ္ဍာရေးရှင်းတမ်း များကို စာရင်းစစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များကို အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ထားပါသည်။ ဥပဒေ သို့မဟုတ် စည်းမျဉ်းများမှ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်ပြီး အများပြည်သူသို့ ထုတ်ဖော်ခြင်းကို တားမြစ်ထားခြင်း မရှိပါက ကျွန်မတို့၏ စာရင်းစစ် အစီရင်ခံစာတွင် ဤကိစ္စရပ်များကို ဖော်ပြထားပါသည်။ အဆိုပါကိစ္စရပ်များကို တင်ပြခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် အများပြည်သူရရှိမည့် အကျိုးစီးပွားထက်ပိုများနေသည့် အလွန်ရှားပါးသော အခြေအနေများတွင် ကျွန်မတို့၏ အစီရင်ခံစာတွင် အဆိုပါကိစ္စရပ်များကို မတင်ပြရန်ဆုံးဖြတ်ပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်မတို့အဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း

(၂) ကုမ္ပဏီသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ ၂၅၈ နှင့် အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

စာရင်းစစ်

09-09-24

Chan Saint Saint Thwin
B.Act, C.P.A,
D.M.A(UK), D.B.L, D.I.L
Certified Public Accountant

THADAR SIN COMPANY LIMITED
No.
Date.

သဒ္ဒါစင်ကုမ္ပဏီလီမိတက်

ရန်ကုန်မြို့

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၉ )ရက်။

## မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

| အကြောင်းအရာ | အညွှန်း | ၂၀၂၃-၂၀၂၄ သင့်ငွေ (ကျပ်) | ၂၀၂၂-၂၀၂၃ သင့်ငွေ (ကျပ်) |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်းများ | မှတ်စု - ၈ | ၂,၁၅၉,၁၀၀,၀၇၉ | ၁,၂၂၇,၀၃၅,၅၀၀ |
| ရင်းနှီးမြှုပ်နှံမှု | မှတ်စု - ၉ မှ ၁၂ | ၈,၆၄၄,၅၈၃,၅၆၂ | ၉,၀၂၄,၅၈၃,၅၆၂ |
| | | ၁၀,၈၀၃,၆၈၃,၆၄၁ | ၁၀,၂၅၁,၆၁၉,၀၆၂ |
| **လက်ငင်း ရပိုင်ခွင့်များ** | | | |
| ကုန်လက်ကျန်များ | မှတ်စု - ၁၃ | ၉,၇၉၂,၃၇၅,၃၂၇ | ၈၃၄,၃၈၃,၉၂၀ |
| ဘဏ်အပ်ငွေ | | - | ၄,၁၆၇,၃၀၀,၀၀၀ |
| ဘဏ်အာမခံငွေ | မှတ်စု - ၁၄ | ၆၅၈,၂၆၃,၈၀၈ | ၆၅၈,၂၆၃,၈၀၈ |
| ငွေနှင့် ငွေသားညီမျှခြင်းများ | မှတ်စု - ၁၅ | ၁၇၈,၁၅၂,၀၂၂ | ၅,၇၁၄,၈၉၉,၃၈၄ |
| ကုမ္ပဏီ (MNTH) တွင် ရရန်ရှိ (ချေးငွေ) | | ၃၄,၉၄၅,၄၉၈ | ၃၄,၉၄၅,၄၉၈ |
| ရရန်ရှိ အတိုး (MNTH) | | ၅,၅၆၉,၇၅၀ | ၆,၆၉၅,၉၄၁ |
| ရရန်ရှိ အတိုး (ဘဏ်အတိုး) | | ၁၀,၃၇၄,၃၁၆ | ၆၄,၈၅၇,၄၆၆ |
| ကြိုတင်ဝင်ငွေခွန် | မှတ်စု - ၁၇ | ၁,၅၂၃,၂၉၁ | - |
| | | ၁၀,၆၈၁,၂၀၄,၀၁၃ | ၁၁,၄၈၁,၃၄၆,၀၁၇ |
| | | ၂၁,၄၈၄,၈၈၇,၆၅၄ | ၂၁,၇၃၂,၉၆၅,၀၇၉ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၀,၀၆၀,၃၅၀,၀၀၀ |
| အမြတ်လက်ကျန်များ | | ၁၀,၁၇၄,၀၁၂,၃၄၅ | ၁၀,၅၄၂,၀၇၀,၅၆၅ |
| | | ၂၀,၂၃၄,၃၆၂,၃၄၅ | ၂၀,၆၀၂,၄၂၀,၅၆၅ |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ပေးရန်ရှိ ငှားရမ်းခ | | ၈၆၈,၅၃၇,၈၀၉ | ၇၇၈,၉၇၅,၂၄၉ |
| **လက်ငင်း ပေးရန်တာဝန်များ** | | | |
| အခြား ပေးရန်ရှိ (MAAT ရင်းနှီးမြှုပ်နှံငွေ) | | ၁၂၈,၅၀၀,၀၀၀ | ၁၂၈,၅၀၀,၀၀၀ |
| ပေးရန်ရှိ အမြတ်ဝေစု | မှတ်စု - ၁၆ | ၁၃၆,၄၈၇,၅၀၀ | ၉၁,၃၂၀,၀၀၀ |
| ဝင်ငွေခွန်လျာထားချက် | မှတ်စု - ၁၇ | - | ၁၂၆,၇၄၉,၂၆၅ |
| ပေးရန်ရှိ အသုံးစရိတ်များ | မှတ်စု - ၁၈ | ၁၁၇,၀၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |
| | | ၁,၂၅၀,၅၂၅,၃၀၉ | ၁,၁၃၀,၅၄၄,၅၁၄ |
| | | ၂၁,၄၈၄,၈၈၇,၆၅၄ | ၂၁,၇၃၂,၉၆၅,၀၇၉ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

DR. MAUNG MAUNG AYE
MANAGING DIRECTOR
Myanma Agricultural &
General Development Public Ltd.

TUN LWIN
CHAIRMAN
Myanma Agricultural &
General Development Public Ltd.

# မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)

## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း

| | အညွှန်း | ၂၀၂၃-၂၀၂၄ မြန်မာကျပ် | ၂၀၂၂-၂၀၂၃ မြန်မာကျပ် |
|---|---|---|---|
| ဝင်ငွေ | မှတ်စု - ၁၉ | ၄,၄၆၅,၀၈၀,၄၀၀ | ၄,၉၄၁,၃၀၀,၀၀၀ |
| ကုန်ရောင်းတန်ဖိုး | မှတ်စု - ၂၀ | | |
| စာရင်းဖွင့်ကုန်လက်ကျန် | | ၈၃၄,၃၈၃,၉၂၀ | ၅,၂၉၇,၄၆၃,၉၅၂ |
| ကုန်ဝယ်ကုန်ကျစရိတ် | | ၁၃,၃၀၆,၁၅၂,၄၂၀ | - |
| ပဲဝယ်ကုန်ကျစရိတ်နှင့် ဘဏ်စရိတ် | | ၆၄,၁၉၇,၂၃၂ | ၆၂,၆၉၇,၉၅၀ |
| ဂိုဒေါင်စရိတ် | | ၁၄,၉၉၄,၁၀၀ | ၅၆,၇၁၅,၅၀၀ |
| စာရင်းပိတ်ကုန်လက်ကျန် | | (၉,၇၉၂,၃၇၅,၃၂၇) | (၈၃၄,၃၈၃,၉၂၀) |
| ကုန်ရောင်းတန်ဖိုး | | ၄,၄၂၇,၃၅၂,၃၄၅ | ၄,၅၈၂,၄၉၃,၄၈၂ |
| အသားတင်အမြတ် | | ၃၇,၇၂၈,၀၅၅ | ၃၅၈,၈၀၆,၅၁၈ |
| အခြားဝင်ငွေ | | | |
| ဘဏ်အတိုးရငွေနှင့် အခြားဝင်ငွေ | မှတ်စု - ၂၁ | ၅၆၅,၆၂၃,၈၉၃ | ၄၄၆,၉၈၆,၃၅၂ |
| အသုံးစရိတ်များ | | | |
| စီမံခန့်ခွဲမှုနှင့် အခြား အသုံးစရိတ်များ | မှတ်စု - ၂၂ | (၆၆,၁၆၇,၉၈၆) | (၅၄,၉၀၃,၉၀၁) |
| ငွေရေးကြေးရေးကုန်ကျစရိတ် (IFRS -16) | | (၈၉,၅၆၂,၅၆၀) | (၈၉,၆၁၆,၆၂၂) |
| အခွန်မလျာထားမီ အသားတင်အမြတ် | | ၄၄၇,၆၂၀,၄၀၂ | ၆၆၁,၂၇၂,၃၄၇ |
| ဝင်ငွေခွန် | | (၉၈,၄၇၆,၇၀၈) | (၁၄၅,၄၇၉,၉၁၆) |
| ဘဏ္ဍာနှစ်/ကာလအတွင်း အသားတင်အမြတ် | | ၃၄၉,၁၄၄,၆၉၃ | ၅၁၅,၇၉၂,၄၃၁ |
| ဘဏ္ဍာနှစ်/ကာလအတွင်း အခြားဝင်ငွေအလုံးစုံ | | | |
| အမြတ်ဝေစုရငွေ (MTSH) | | ၉၅,၀၀၀,၀၀၀ | - |
| ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (အတိုး/(အလျော့)) | | (၃၈၀,၀၀၀,၀၀၀) | ၆၆၅,၀၀၀,၀၀၀ |
| ငွေကြေးလဲလှယ်မှုမှ ဖြစ်ပေါ်လာသော (အရှုံး)/အမြတ်များ | | - | ၆၇၄,၀၃၀,၀၆၀ |
| ဘဏ္ဍာနှစ်/ကာလအတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ | | ၆၄,၁၄၄,၆၉၃ | ၁,၈၅၄,၈၂၂,၄၉၁ |
| ရှယ်ယာတစ်စု၏ဝင်ငွေ (တစ်စောင်လျှင် တန်ဖိုးကျပ်) | | | |
| ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ | | ၃၄၇ | ၅၁၃ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

DR. MAUNG MAUNG AYE
MANAGING DIRECTOR
Myanma Agricultural &
General Development Public Ltd.

TUN LWIN
CHAIRMAN
Myanma Agricultural &
General Development Public Ltd.

## မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း

| (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ် | ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | အမြတ်လက်ကျန်များ | စုစုပေါင်း |
|---|---|---|---|
| | | မြန်မာကျပ် | |
| ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၀,၅၄၂,၀၇၀,၅၆၅ | ၂၀,၆၀၂,၄၂၀,၅၆၅ |
| ယခင်နှစ် စာရင်းညှိနှိုင်းချက်များ | | ၇၀,၈၁၄,၅၈၅ | ၇၀,၈၁၄,၅၈၅ |
| | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၀,၆၁၂,၈၈၅,၁၅၀ | ၂၀,၆၇၃,၂၃၅,၁၅၀ |
| ဘဏ္ဍာရေးနှစ်အစီရင်ခံသည့်နှစ်အတွက် အမြတ် စာရင်းညှိနှိုင်းချက်များ | - | ၃၄၉,၁၄၄,၆၉၃ | ၃၄၉,၁၄၄,၆၉၃ |
| | | ၂ | ၂ |
| ဘဏ္ဍာရေးနှစ်အစီရင်ခံသည့်နှစ်အတွက် အခြားဝင်ငွေအလုံးစုံ | - | (၂၈၅,၀၀၀,၀၀၀) | (၂၈၅,၀၀၀,၀၀၀) |
| ဘဏ္ဍာရေးနှစ်ကာလအတွက် စုစုပေါင်းဝင်ငွေအလုံးစုံ | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၀,၆၇၇,၀၂၉,၈၄၅ | ၂၀,၇၃၇,၃၇၉,၈၄၅ |
| ပိုင်ရှင်များသို့/ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | |
| အစုရှယ်ယာ ထုတ်ဝေခြင်း | - | - | - |
| အမြတ်ဝေစု | - | (၅၀၃,၀၁၇,၅၀၀) | (၅၀၃,၀၁၇,၅၀၀) |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၀,၁၇၄,၀၁၂,၃၄၅ | ၂၀,၂၃၄,၃၆၂,၃၄၅ |

| (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ် | ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | အမြတ်လက်ကျန်များ | စုစုပေါင်း |
|---|---|---|---|
| | | မြန်မာကျပ် | |
| ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၀,၀၆၀,၃၅၀,၀၀၀ | ၉,၁၈၂,၃၃၄,၆၇၀ | ၁၉,၂၄၂,၆၈၄,၆၇၀ |
| ယခင်နှစ် စာရင်းညှိနှိုင်းချက်များ | | ၇,၉၃၀,၉၀၄ | ၇,၉၃၀,၉၀၄ |
| | ၁၀,၀၆၀,၃၅၀,၀၀၀ | ၉,၁၉၀,၂၆၅,၅၇၄ | ၁၉,၂၅၀,၆၁၅,၅၇၄ |
| ဘဏ္ဍာရေးနှစ်အစီရင်ခံသည့်နှစ်အတွက် အမြတ် | | ၅၁၅,၇၉၂,၄၃၁ | ၅၁၅,၇၉၂,၄၃၁ |
| ဘဏ္ဍာရေးနှစ်အစီရင်ခံသည့်နှစ်အတွက် အခြားဝင်ငွေအလုံးစုံ | | ၁,၃၃၉,၀၃၀,၀၆၀ | ၁,၃၃၉,၀၃၀,၀၆၀ |
| ဘဏ္ဍာရေးနှစ်ကာလအတွက် စုစုပေါင်းဝင်ငွေအလုံးစုံ | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၁,၀၄၅,၀၈၈,၀၆၅ | ၂၁,၁၀၅,၄၃၈,၀၆၅ |
| ပိုင်ရှင်များသို့/ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ | | | |
| အစုရှယ်ယာ ထုတ်ဝေခြင်း | - | - | - |
| အမြတ်ဝေစု | - | (၅၀၃,၀၁၇,၅၀၀) | (၅၀၃,၀၁၇,၅၀၀) |
| ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၀,၀၆၀,၃၅၀,၀၀၀ | ၁၀,၅၄၂,၀၇၀,၅၆၅ | ၂၀,၆၀၂,၄၂၀,၅၆၅ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

DR. MAUNG M[…]NG AYE
MANAGING D[…]RECTOR
Myanma Agr[…]ultural &
General Deve[…]ent Public Ltd.

TUN LWIN
CHAIRMAN
Myanma Agricultural &
General Development Public Ltd.

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD. YANGON
No.
Date.

## မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)
## ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်း

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD. ★ YANGON ★
No.............
Date.............

| အကြောင်းအရာ | မြန်မာကျပ် ၂၀၂၃-၂၀၂၄ | မြန်မာကျပ် ၂၀၂၂-၂၀၂၃ |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| ၁.၁ အခွန်မနုတ်မီ အသားတင်အမြတ် | ၄၄၇,၆၂၁,၄၀၂ | ၆၆၁,၂၇၂,၃၄၇ |
| ၁.၂ ငွေသားမဟုတ်သော ကိုက်ညှိရေးဆွဲချက်များ | | |
| ၁.၂.၁ ပုံသေပိုင်ပစ္စည်း တန်ဖိုးလျော့စရိတ် | ၂၈,၅၄၉,၉၂၁ | ၂၈,၅၄၉,၉၂၂ |
| ၁.၂.၂ ငွေရေးကြေးရေးကုန်ကျစရိတ် (IFRS -16) | ၈၉,၅၆၂,၅၆၀ | ၈၉,၆၁၆,၆၂၂ |
| ၁.၂.၃ ယခင်နှစ် စာရင်းညှိနှိုင်းချက်များ | ၇၀,၈၁၄,၅၈၅ | ၇,၉၃၀,၉၀၄ |
| ၁.၂.၄ ဒသမကိန်းညှိနှိုင်းချက်များ | ၂ | - |
| ၁.၂.၅ အခွန်အတွက် စာရင်းညှိနှိုင်းချက်များ | - | (၂၈,၈၆၆,၉၇၇) |
| ၁.၂.၆ ငွေကြေးလဲလှယ်မှု ခြားနားချက်များ | - | ၆၇၄,၀၃၀,၀၆၀ |
| လည်ပတ်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းဆောင်ရွက်ချက် အမြတ်/(အရှုံး) | ၆၃၆,၅၄၈,၄၇၀ | ၁,၄၃၂,၅၃၂,၈၇၈ |
| လည်ပတ်ရင်းနှီးငွေပြောင်းလဲမှုများ | | |
| ၁.၃.၁ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၄,၂၂၂,၉၀၉,၃၄၀ | (၄,၂၃၅,၅၉၂,၅၇၀) |
| ၁.၃.၂ ကုန်လက်ကျန်များ | (၈,၉၅၇,၉၉၁,၄၀၇) | ၄,၄၆၃,၀၈၀,၀၃၂ |
| ၁.၃.၃ ကုန်သွယ်မှုနှင့် အခြားပေးရန်များ | ၁၅၇,၁၆၇,၅၀၀ | (၁၀၀,၂၃၇,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဝင်မှု | (၃,၉၄၁,၃၆၆,၀၉၇) | ၁,၅၅၉,၇၈၃,၃၄၀ |
| ဝင်ငွေခွန်ပေးသွင်းမှု | (၂၂၆,၇၄၉,၂၆၅) | (၁၁၈,၈၂၆,၀၀၀) |
| လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဝင်မှု/(အသုံးပြုမှု) | (၄,၁၆၈,၁၁၅,၃၆၂) | ၁,၄၄၀,၉၅၇,၃၄၀ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| ၂.၁ ပုံသေပိုင်ပစ္စည်း ဝယ်ယူမှု | (၉၆၀,၆၁၄,၅၀၀) | - |
| ၂.၂ အစုရှင်များသို့အမြတ်ဝေစုရငွေ | ၉၅,၀၀၀,၀၀၀ | - |
| ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသားအသုံးပြုမှု | (၈၆၅,၆၁၄,၅၀၀) | - |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| ၃.၁ ရင်းနှီးမြှုပ်နှံသော အစုရှယ်ယာများ | - | - |
| ၃.၂ အစုရှင်များသို့အမြတ်ဝေစုပေးငွေ | (၅၀၃,၀၁၇,၅၀၀) | (၅၀၃,၀၁၇,၅၀၀) |
| ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသားစီးဆင်းမှုများ | (၅၀၃,၀၁၇,၅၀၀) | (၅၀၃,၀၁၇,၅၀၀) |
| ၄ ငွေနှင့်ငွေသားညီမျှခြင်းလက်ကျန်များအရ အသားတင်အတိုး/ (အလျော့) | (၅,၅၃၆,၇၄၇,၃၆၂) | ၉၃၇,၉၃၉,၈၄၀ |
| ၅ နှစ်/ ကာလအစရှိ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | ၅,၇၁၄,၈၉၉,၃၈၄ | ၄,၇၇၆,၉၅၉,၅၄၄ |
| ၆ နှစ်/ ကာလအဆုံးရှိ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | ၁၇၈,၁၅၂,၀၂၂ | ၅,၇၁၄,၈၉၉,၃၈၄ |
| ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | ၁၇၈,၁၅၂,၀၂၂ | ၅,၇၁၄,၈၉၉,၃၈၄ |

*နောက်ဆက်တွဲမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။*

DR. MAUNG MAUNG AYE
MANAGING DIRECTOR
Myanma Agricultural &
General Development Public Ltd.

TUN LWIN
CHAIRMAN
Myanma Agricultural &
General Development Public Ltd.

# မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်
# (အမ်အေဂျီဒီပီအယ်လ်)
## ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ
## ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

ဤမှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် အတူတကွ ဖတ်ရှုရမည်ဖြစ်ပါသည်။

၁။ အထွေထွေ

ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၃၄၆/ ၂၀၁၂-၂၀၁၃ (ရန်ကုန်)ဖြင့် (၁၁.၉.၂၀၁၂) နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ပါသည်။ ထိုအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇)ဖြင့် အစားထိုးပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေအသစ်အရ ကုမ္ပဏီကို ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ ၁၆၈၉၈၂၄၀ ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

MAGDPL ၏ လက်ရှိနှင့် အနာဂတ် စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ကောက်ပဲ သီးနှံများအား ပြည်တွင်း၌ဝယ်ယူ၍ ပြည်ပသို့ တင်ပို့သည့်လုပ်ငန်းများ၊
- Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) နှင့် Myanmar National Telecom Holdings Public Co., Ltd. (MNTH) တို့တွင် ရင်းနှီးမြုပ်နှံမှုများ ထည့်ဝင်ထားခြင်း၊
- သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) တွင် လယ်ယာထွက်ကုန်နှင့် ဆီထွက်သီးနှံကုန်ပစ္စည်းများ တင်/ချ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ရန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကောက်ပဲသီးနှံနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မှုကုန်ကြမ်းသုံးပစ္စည်းများနှင့် ဆက်စပ်သောလုပ်ငန်းသုံး ပစ္စည်းများ အစရှိသည့် သွင်းကုန်ပစ္စည်းတို့အား သိုလှောင်မည့် Warehouse နှင့် Silo များ တည်ဆောက်ရန်နှင့် ဆက်စပ်နေသော စီးပွားရေးဆိုင်ရာ အဆောက်အဦးများ တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။
- အထက်ဖော်ပြပါ လယ်ယာထွက်ကုန်များ သိုလှောင်မည့် ဂိုထောင်များ တည်ဆောက်ငှားရမ်းခြင်းအပြင် အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) အနေဖြင့် ငွေရင်းပစ္စည်းများကို ကိုယ်တိုင် တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။
- ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း တို့အား စိုက်ပျိုးထွက်ရှိရာဒေသမှသည် ပြည်ပတင်ပို့သည်အထိ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြည်ပတင်ပို့ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန်၊
- လက်ငင်းနှင့် အနာဂတ် ရောင်းဝယ်မှုတိုင်းတွင် ယုံကြည်မှုကို အခြေမခံဘဲ ငွေကြေးအာမခံမှုနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်မည့် နိုင်ငံတကာ အဆင့်မီ Myanmar Commodity Exchange Center အား အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်
## (အမ်အေဂျီဒီပီအယ်လ်)
## ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ
## ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

မှတ်ပုံတင်ထားသောကုမ္ပဏီ၏ လိပ်စာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ရွှေဗဟိုရေးဗားဖူးကွန်းပလပ်၊ ၂၃ ဂျီ-၁၊ အမှတ် - ၃ (ဘီ) တာ၀ါ - အေ နှင့် စီ တွင် တည်ရှိပါသည်။

ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board (PLB) အနေဖြင့် မှတ်ပုံတင်ခဲ့ပါသည်။

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

### ၂.၁ စာရင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံမူများ

ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards ) နှင့် အညီ ဖော်ပြထားပါသည်။

ဘဏ္ဍာရေးရှင်းတမ်းကို အောက်ဖော်ပြပါစာရင်းကိုင်မူဝါဒတွင် ဖော်ပြထားသည်များမှ လွဲ၍ ပြီးခဲ့သည့် ဖြစ်ရပ်များအပေါ် အခြေခံသည့် လုပ်ရိုးလုပ်စဉ်အရ မူရင်းတန်ဖိုးရေးဆွဲဖော်ပြထားပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပြည်တွင်းသုံးငွေ ("ကျပ်") ဖြင့် ဖော်ပြပါသည်။

### ၂.၂ ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကို ဦးစွာ မူရင်းတန်ဖိုးဖြင့် စာရင်းဖော်ပြသည်။ ယင်းသို့ ဖော်ပြပြီးနောက် မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ ဆုံးရှုံးမှုငွေပမာဏတို့ကို နှုတ်၍ ဖော်ပြထားပါသည်။ ပစ္စည်း၏ ကုန်ကျစရိတ်တွင် စီမံအုပ်ချုပ်သူ၏ ရည်ရွယ်ထားသည့် နေရာဒေသနှင့် အခြေအနေသို့ ရောက်ရှိအောင် ပြုလုပ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော အသုံးစရိတ်များအားလုံးပါဝင်သည်။

နောက်ဆက်တွဲကုန်ကျစရိတ်များကို စာရင်းရေးသွင်းရာတွင် ပစ္စည်း၏ကုန်ကျစရိတ်ကို တိတိကျကျ တိုင်းတာနိုင်သောအခါနှင့် ပစ္စည်းနှင့်သက်ဆိုင်သော အနာဂတ်စီးပွားရေးအကျိုးကျေးဇူးများ ကုမ္ပဏီ အတွင်းသို့ စီးဝင်လာနိုင်ဖွယ်ရှိသောအခါတို့တွင်သာလျှင် အသားတင်သင့်ငွေပမာဏ (သို့မဟုတ်) သီးခြားရပိုင်ခွင့်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။ အစားထိုးလဲလှယ်လိုက်သော ပစ္စည်း အစိတ်အပိုင်း၏ အရင်းအရ တန်ဖိုးငွေကို ပယ်ဖျက်ပေးပါမည်။ အခြားပြင်ဆင်စရိတ်နှင့် ပြုပြင် ထိန်းသိမ်းရေး စရိတ်များ အားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံး၊ အမြတ်တွင် ကျခံရပါသည်။

**Lease (Right of Use Assets)**

ငှားရမ်းခြင်းဆိုသည်မှာ ပစ္စည်းတစ်ခုအား Lessor (ပိုင်ရှင်) နှင့် Lessee (ငှားရမ်းသုံးစွဲသူ)များကြားတွင် ချုပ်ဆိုသော သဘောတူညီချက်တစ်ခု သို့မဟုတ် သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ယင်း အခြေခံပိုင်ဆိုင်မှု (ပစ္စည်း) သတ်မှတ်ကာလအတွင်း အသုံးပြုခွင့်၊ အသုံးချခွင့် (Right to Use)အတွက် ပေးချေရန်လိုအပ်သောအဖိုးစားနားကို ဖော်ပြထားသည့် စာချုပ်ဖြစ်ပါသည်။

## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်
## (အမ်အေဂျီဒီပီအယ်လ်)
## ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ
## ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

အသုံးပြုခွင့်ပိုင်ဆိုင်မှုဆိုသည်မှာ Lessee (ငှားရမ်းသုံးစွဲသူ)သည် စာချုပ်သက်တမ်းအတွင်း အခြေခံ ပိုင်ဆိုင်မှု (ပစ္စည်း) ကို အသုံးပြုခွင့်ရှိမှုကို ကိုယ်စားပြုသော ပိုင်ဆိုင်မှုဖြစ်သည်။

Lease Liability ဆိုသည်မှာ အနာဂတ်ငှားရမ်းခပေးချေမှု၏ လက်ရှိတန်ဖိုးဖြစ်သည်။

တန်ဖိုးလျော့ကို Straight-line method ဖြင့် တွက်ချက်၍ တန်ဖိုးလျော့ပမာဏကို ခန့်မှန်းအသုံးဝင် သက်တမ်း နှစ်(၅၀) သတ်မှတ်ခွဲဝေကျခံသည်။

ကုမ္ပဏီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရန် ကနဦးနှစ်(၅၀) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ဖြင့် တိုးချဲ့နှစ် (၂၀)ဖြင့် ငှားရမ်းချုပ်ဆိုထားပါသည်။

<u>Thilawa Port Area Plot No. 29</u>

သီလဝါ ဆိပ်ကမ်းဒေသ အမှတ် ၂၉ နှင့် ဆက်စပ်လျှက်ရှိသော ကုန်ကျစရိတ်တစ်ခုဖြစ်သည်။ ၎င်းသည် အသုံးပြုခွင့်ပိုင်ဆိုင်မှု (Right of Use Asset) နှင့် ဆက်စပ်လျှက်ရှိပြီး အမှတ် ၂၉ နေရာအတွက် ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများအတွက် ပေးချေထားသည့်ကုန်ကျစရိတ်များပါဝင်ပါသည်။

တန်ဖိုးလျော့ကို ပုံသေပိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်မှု သက်တမ်းအပေါ်တွင် မူတည်၍ the straight-line method ဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းအသုံးဝင်မှုအပေါ်တွင် အခြေပြုတန်ဖိုးလျော့ရာခိုင်နှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| အသုံးပြုခွင့်ပိုင်ဆိုင်မှု (Right of Use Assets) (၅၀ နှစ်) | ၂ % |
| Thilawa Port Area Plot No. 29 | - |
| ကွန်ပြူတာနှင့်ဆက်စပ်ပစ္စည်းများ (၁၀ နှစ်) | ၁၀ % |

## ၂.၃ <u>Financial Instruments</u>

အမြတ်ဝေစုကို ရပိုင်ခွင့်ပေါ်ပေါက်သည့်အခါ စာရင်းဖော်ဆောင်ပါသည်။ ရင်းနှီးမြှုပ်နှံခြင်းမှ ရရှိလာသည့် အမြတ်ဝေစု များအား other comprehensive income တွင် စာရင်းရေးသွင်းဖော်ပြပါသည်။ ဘဏ္ဍာနှစ်ကာလအတွင်း အစုရှယ်ယာရှင်ဈေးငွေသည် ငွေကြေးပိုင်ဆိုင်မှုဖြစ်သည်။ ၎င်း၏ ဈေးငွေမှ ဖြစ်ပေါ်လာသည့် အတိုးဝင်ငွေကို အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းသည်။

## ၂.၄ နိုင်ငံခြားငွေအား ပြောင်းလဲသတ်မှတ်ခြင်း

(၁) လုပ်ငန်းလုပ်ဆောင်သည့်ငွေကြေးနှင့် စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော စီးပွားရေးပတ်ဝန်းကျင်၏ ငွေကြေးဖြစ်သော မြန်မာကျပ်ငွေကို လုပ်ငန်းဆောင်ရွက်သည့် ငွေကြေး (the "Functional Currency")ဟု သတ်မှတ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းကို ကုမ္ပဏီ၏ လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးပမာဏဖြစ်သော မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့် ပြုလုပ်သော လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့်ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းများနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲသတ်မှတ်ရာတွင်သော်လည်းကောင်း၊ ၎င်းနိုင်ငံခြားငွေများကို စာရင်းရှင်းလင်းရာမှာတွင်သော်လည်းကောင်း ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ အမြတ်၊ အရှုံးများကို ဝင်ငွေရှင်းတမ်းတွင် စာရင်းရေးသွင်းပါသည်။

## ၂.၅ ရင်းနှီးမြှုပ်နှံမှုများ

၁။ ကုမ္ပဏီသည် Myanmar Thilawa SEZ Holdings Public Co.,Ltd တွင် ရင်းနှီးမြှုပ်နှံမှုအား စာရင်းရေးသွင်းရာတွင် စျေးကွက်ပေါက်စျေးအတိုင်း စာရင်းရေးသွင်းထားပါသည်။ ၂၉.၃.၂၀၂၄ တွင် ရှယ်ယာစျေးကွက်ပေါက်စျေးမှာ ရှယ်ယာတစ်ခုလျှင် ၂,၉၀၀ ကျပ်ဖြစ်သည်။ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့ ဘဏ္ဍာရေးကုန်ဆုံးချိန်တွင် ဖြစ်ပေါ်လျှက်ရှိသော တန်ဖိုးဆုံးရှုံးမှု (fair value loss) ကျပ်သန်းပေါင်း ၃၈၀ ကို အစုရှယ်ယာများအောက်တွင် ရင်းနှီးမြှုပ်နှံမှု ပြန်လည်တန်ဖိုးဖြတ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မှတ်တမ်းတင်ထားသည်။

၂။ ကုမ္ပဏီသည် Myanmar National Telecom Holdings Public Ltd.တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုအား ကနဦးထည့်ဝင်သည့် ရှယ်ယာရင်းနှီးငွေပမာဏ အတိုင်း စာရင်းရေးသွင်းထားခြင်းဖြစ်ပါသည်။

၃။ ကုမ္ပဏီသည် Myanmar Kyauk Phyu SEZ Holding Consortium Public Co.,Ltd တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုအား ကနဦးထည့်ဝင်သည့် ရှယ်ယာရင်းနှီးငွေ ပမာဏ အတိုင်း စာရင်းရေးသွင်းထားခြင်းဖြစ်ပါသည်။

၄။ ကုမ္ပဏီသည် Myanmar Agro Alliance Terminal Co.,Ltd တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုအား ကနဦးထည့်ဝင်သည့် ရှယ်ယာရင်းနှီးငွေပမာဏ အတိုင်း စာရင်းရေးသွင်းထားခြင်းဖြစ်ပါသည်။

## ၂.၆ ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျစရိတ်နှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းရငွေတို့အတွက် နည်းရာ ပမာဏဖြင့် တန်ဖိုးသင့်ရန်ဖြစ်ပါသည်။

ကုန်ကျစရိတ်တွင် ဝယ်ယူမှုကုန်ကျစရိတ်၊ ပြောင်းလဲခြင်းကုန်ကျစရိတ်နှင့် ကုန်ပစ္စည်းများအား လက်ရှိတည်နေရာ သို့ ရောက်အောင် ဖြစ်ပေါ်ခဲ့သော "အခြားကုန်ကျစရိတ်များ" ပါဝင်သည်။

အသားတင်ရောင်းရငွေ ဆိုသည်မှာ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျ စရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နုတ်ပြီးကျန်ရှိမည့် ခန့်မှန်း ရောင်းဈေး ဖြစ်ပါသည်။

လက်ရှိဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းပါ ကုန်ပစ္စည်းတန်ဖိုးအား အသားတင်ရောင်းရငွေ ဖြင့် တန်ဖိုး သတ်မှတ်ခဲ့ပါသည်။ (မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ Website ဖြစ်သော www.mpbmsma.org တွင် ဖော်ပြထားသည့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တွင် နေ့စဉ်ဖြစ်ပေါ်နေသည့် ကောက်ပဲသီးနှံများ၏ ပြည်တွင်းဈေးနှုန်းများကို အခြေခံ၍ တန်ဖိုးသတ်မှတ်ထားခြင်း ဖြစ်ပါသည်။)

## ၂.၇ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များတွင် လက်ဝယ်ရှိ ငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန် များ ပါဝင် ပါသည်။

## ၂.၈ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်း ပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းနှစ်တွင် လျှော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသောတန်ဖိုးကို နုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သော ခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျှော့ချရပါသည်။

## ၂.၉ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကို အသုံးပြု၍ နောက်ပိုင်းကာလတွင် လျှော့ချပြီးတန်ဖိုးဖြင့် စာရင်းသယ်ဆောင်သည်။

# မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက် (အမ်အေဂျီဒီပီအယ်လ်)

## ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ

## ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

### ၂.၁၀ လျာထားငွေများ

ကုမ္ပဏီသည် အတိတ်နှစ်အဖြစ်အပျက်များ၏ အကျိုးရလာဒ်အတွက် လက်ရှိတွင်ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိငွေများကို လျာထားငွေများအဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏ အရင်းအမြစ်များ စီးထွက်ရန်အလားအလာရှိပြီး ပေးချေရမည့် ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေများအဖြစ် မသတ်မှတ်ပါ။

### ၂.၁၁ ဝင်ငွေ

လုပ်ဆောင်ချက်နှင့် ဆက်စပ်နေသော စီးပွားရေး အကျိုးအမြတ်များ ကုမ္ပဏီထံသို့ စီးဝင်ရန် အလားအလာ ရှိသည့်အခါမှသာ ဝင်ငွေကို စာရင်းဖော်ဆောင်သည်။ ဝင်ငွေသတ်မှတ်ရာတွင် ရရှိထားသော သို့မဟုတ် ရရန်ရှိသည့် အဖိုးစားနားဖြင့် တိုင်းတာသည်။

၁။ ကုန်ရောင်း

ကုန်ရောင်းခြင်းမှ ရရှိသောဝင်ငွေကို ကုန်ပစ္စည်းကို လွှဲအပ်ပြီးဝယ်ယူသူက လက်ခံရရှိပြီးနောက် စာရင်းဖော် ဆောင်ပါသည်။

၂။ အတိုးဝင်ငွေ

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံငွေများမှ အတိုးရရန်သေချာမှသာ အတိုးရငွေများကို စာရင်း ဖော်ဆောင်ပါသည်။

၃။ အမြတ်ဝေစု

အမြတ်ဝေစုကို ရပိုင်ခွင့်ပေါ်ပေါက်သည့်အခါ စာရင်းဖော်ဆောင်ပါသည်။

### ၂.၁၂ ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နှုတ်၍ စာရင်းဖော်ဆောင်ပါသည်။ ကျသင့်အခွန်မှန်သမျှ နှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

### ၂.၁၃ အမြတ်ဝေစုများ

ကုမ္ပဏီအုပ်စု၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ အမြတ်ဝေစု များကို စာရင်းရေးသွင်းသည်။

## ၂.၁၄ နှိုင်းယှဉ်ဖော်ပြချက်

နှိုင်းယှဉ်ဖော်ပြထားသော ကိန်းဂဏန်းများကို ဘဏ္ဍာရေးရှင်းတမ်းများ၏ "5" Components (ဘဏ္ဍာရေးအခြေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အခြားရှင်းလင်းချက်မှတ်စုများပါဝင်သည်) ဖြင့် ၂၀၂၂ ဧပြီလ ၁ ရက်နေ့မှစပြီး ၂၀၂၃ မတ်လ ၃၁ ရက်ကာလများအတွက် ပြင်ဆင်ထားပါသည်။

## ၂.၁၅ အသုံးစရိတ်

အသုံးစရိတ်များအား အရှုံးအမြတ်စာရင်းတွင် Accrual basis ဖြင့် စာရင်းဖော်ပြထားသည်။

## ၂.၁၆ ဝင်ငွေခွန်များ

တည်ဆဲအခွန်ဥပဒေများနှင့်အညီ အမြတ်ဖြစ်ပေါ်သည့် ကာလအတွင်း အမြတ်ငွေပေါ်တွင် ပေးဆောင်ရမည့် ဝင်ငွေခွန်ကို ကုန်ကျစရိတ်အဖြစ် စာရင်းဖော်ဆောင်ပါသည်။

## ၂.၁၇ ရှယ်ယာတစ်စု၏ ဝင်ငွေ

ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေကို ဘဏ္ဍာရေးနှစ်/ ကာလအတွင်း ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေပေးရသော အမြတ်ကို အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက်ဖြင့် စားပြီး တွက်ချက်ထားပါသည်။

| မြန်မာကျပ်ငွေ | ၂၀၂၄ | ၂၀၂၃ |
|---|---|---|
| အစုရှင်များသို့ ခွဲဝေပေးရသော အသားတင်အမြတ် | ၃၄၉,၁၄၄,၆၉၃ | ၅၁၅,၇၉၂,၄၃၁ |
| အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက် | ၁,၀၀၆,၀၃၅ | ၁,၀၀၆,၀၃၅ |
| **ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ** | ၃၄၇ | ၅၁၃ |

## ၂.၁၈ ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ

အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မှုများသည် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများ အကြားတွင် သဘောတူညီချက်များနှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

| နှစ်/ကာလကုန် စာရင်းလက်ကျန် (ကျပ်) | ၂၀၂၄ | ၂၀၂၃ |
|---|---|---|
| ပေးရန်ရှိစာရင်း (Related Parties*) | ၁၁၀,၀၀၀,၀၀၀ | - |

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်
(အမ်အေဂျီဒီပီအယ်လ်)
ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ
၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

၃။ အရေးပါသောစာရင်းပိုင်းဆိုင်ရာဆုံးဖြတ်ချက်များနှင့်အညီ ခန့်မှန်းချက်များ

နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံခန့်ခွဲရာတွင် တာဝန်ရှိသူများသည် စာရင်းကာလတစ်ခုစီ ကုန်ဆုံးသည့်အချိန်တွင် အစီရင်ခံစာပါ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများ၊ အသုံးစရိတ်များနှင့် အလားအလာရှိသော ပေးရန်တာဝန်များ၏ ဖော်ပြချက်ကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ သို့ရာတွင် ထိုခန့်မှန်းခြေများနှင့် ယူဆချက်များ၏ မသေချာမရေရာမှုကြောင့် အနာဂတ်ကာလများတွင် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်၏ သယ်ဆောင်တန်ဖိုးကို အရေးပါသော စာရင်းညှိနှိုင်းမှုတစ်ခု ပြုလုပ်ရန် လိုအပ်စေနိုင်ပါသည်။

၄။ FINANCIAL RISK MANAGEMENT

ကုမ္ပဏီ၏ financial risk management မူဝါဒသည် ၎င်း၏ risk များကို စီမံခန့်ခွဲရာတွင် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များသည် ကုမ္ပဏီ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ရရှိကြောင်း သေချာစေရန် ဖြစ်သည်။ ကုမ္ပဏီမှ ရင်ဆိုင်ရသော financial risk များ၏ အဓိကနယ်ပယ်များနှင့် ယင်း risk များနှင့် ပတ်သက်သည့် မူဝါဒများကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) Foreign exchange risk

အစီရင်ခံသည့်ကာလအတွင်း Foreign exchange risk မရှိပါ။ ကုမ္ပဏီသည် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်း အတက်အကျအတွက် မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုများ ရှောင်ရှားရန် နိုင်ငံခြားငွေကြေးဖြင့် ထားရှိသော ဘဏ်လက်ကျန်ကို အနည်းဆုံးဖြစ်စေရန် လျှော့ချခဲ့ပါသည်။

(၂) Credit risk

စာရင်းတင်ထားသည့် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ဆက်နွယ်သည့် အများဆုံး credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ငွေပမာဏ (carrying amount) ဖြစ်ပါသည်။ သို့သော် ကုမ္ပဏီသည် ယင်း risk ကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် မူဝါဒများ ချမှတ်ထားပြီး ဖြစ်ပါသည်။

(၃) Market risk

ကုမ္ပဏီသည် ရန်ကုန်မြို့တွင် လုပ်ငန်းများဆောင်ရွက်နေပြီး ဈေးကွက်ဆိုင်ရာ ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်းသည့် စွန့်စားမှု တစ်စုံတစ်ရာ မရှိပါ။

(၄) Liquidity and cash flow risk

ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျှော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီမှ စောင့်ကြည့် ထိန်းသိမ်းထားရှိပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်
(အမ်အေဂျီဒီပီအယ်လ်)
ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ
၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

၅။ CAPITAL MANAGEMENT

ကုမ္ပဏီသည် မတည်ငွေရင်းများ စီမံခန့်ခွဲရာတွင် ထားရှိသော အဓိကရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။ကုမ္ပဏီသည် ၎င်း၏ ရင်းနှီးငွေ ဖွဲ့စည်းမှုများကို စီမံခန့်ခွဲပြီး ၎င်း၏ ငွေရေးကြေးရေး ပေးရန် တာဝန်များကို ပေးရန်စေ့ရောက်သည့်အခါ ပေးချေနိုင်ရန် သေချာမှုရှိစေရန် ဆောင်ရွက်သည်။

၆။ AMOUNT DUE TO DIRECTORS/SHAREHOLDERS

ဒါရိုက်တာများ/ရှယ်ယာရှင်များသို့ ပေးဆောင်ရန် ကျန်ရှိသော ငွေပမာဏသည် အာမခံမဲ့၊ အတိုးမဲ့ဖြစ်ပြီး တောင်းဆိုသည့်အချိန်တွင် ပေးဆောင်နိုင်ပါသည်။

၇။ အခွန်မလျှာထားမီအသားတင်အမြတ်

| | သင့်ငွေ (ကျပ်) | |
|---|---|---|
| | ၂၀၂၃-၂၀၂၄ | ၂၀၂၂-၂၀၂၃ |
| အခွန်မလျှာထားမီအသားတင်အမြတ် | ၄၄၇,၆၂၁,၄၀၂ | ၆၆၁,၂၇၂,၃၄၇ |

မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)

ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ

၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

| မှတ်စု | | | | မြန်မာကျပ် ၂၀၂၃-၂၀၂၄ | မြန်မာကျပ် ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|
| ၈ | <u>ပုံသေပိုင်ပစ္စည်း</u> | <u>မူရင်းတန်ဖိုး</u> | <u>စုစုပေါင်းတန်ဖိုးလျော့</u> | အသားတင်တန်ဖိုး | အသားတင်တန်ဖိုး |
| | ပိုင်ဆိုင်မှုများကို အသုံးပြုပိုင်ခွင့် | ၁,၄၂၆,၇၆၈,၅၄၉ | ၂၂၈,၂၈၂,၉၇၁ | ၁,၁၉၈,၄၈၅,၅၇၈ | ၁,၂၂၇,၀၂၀,၉၅၀ |
| | Thilawa Port Area Plot No. 29 | ၉၆၀,၆၁၄,၅၀၀ | - | ၉၆၀,၆၁၄,၅၀၀ | - |
| | ကွန်ပြူတာနှင့် ဆက်စပ်ပစ္စည်းများ | ၁၄၅,၅၀၀ | ၁၄၅,၄၉၉ | ၁ | ၁၄,၅၅၀ |
| | | ၂,၃၈၇,၅၂၈,၅၄၉ | ၂၂၈,၄၂၈,၄၇၀ | ၂,၁၅၉,၁၀၀,၀၇၉ | ၁,၂၂၇,၀၃၅,၅၀၀ |

| | | | | |
|---|---|---|---|---|
| ၉ | <u>ရင်းနှီးမြှုပ်နှံမှု - Myanmar Thilawa SEZ Holding Co.,Ltd</u> | | | |
| | ရင်းနှီးမြှုပ်နှံမှု - Myanmar Thilawa SEZ Holding Co.,Ltd | | ၁,၉၀၀,၀၀၀,၀၀၀ | ၁,၉၀၀,၀၀၀,၀၀၀ |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးတိုးလာခြင်း | 31-May-2017 | ၅,၈၉၀,၀၀၀,၀၀၀ | ၅,၈၉၀,၀၀၀,၀၀၀ |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးလျော့သွားခြင်း | 31-May-2018 | (၂,၃၇၅,၀၀၀,၀၀၀) | (၂,၃၇၅,၀၀၀,၀၀၀) |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးတိုးလာခြင်း | 30-Sep-2019 | ၂,၃၇၅,၀၀၀,၀၀၀ | ၂,၃၇၅,၀၀၀,၀၀၀ |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးလျော့သွားခြင်း | 30-Sep-2020 | (၇၆၀,၀၀၀,၀၀၀) | (၇၆၀,၀၀၀,၀၀၀) |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးလျော့သွားခြင်း | 30-Sep-2021 | (၉၅၀,၀၀၀,၀၀၀) | (၉၅၀,၀၀၀,၀၀၀) |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးလျော့သွားခြင်း | 31-Mar-2022 | (၈၅၅,၀၀၀,၀၀၀) | (၈၅၅,၀၀၀,၀၀၀) |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးတိုးလာခြင်း | 31-Mar-2023 | ၆၆၅,၀၀၀,၀၀၀ | ၆၆၅,၀၀၀,၀၀၀ |
| | ရင်းနှီးမြှုပ်နှံမှု တန်ဖိုးလျော့သွားခြင်း | 31-Mar-2024 | (၃၈၀,၀၀၀,၀၀၀) | - |
| | | | ၅,၅၁၀,၀၀၀,၀၀၀ | ၅,၈၉၀,၀၀၀,၀၀၀ |
| ၁၀ | <u>ရင်းနှီးမြှုပ်နှံမှု - Myanmar National Telecom Holdings Public Ltd</u> | | | |
| | ရင်းနှီးမြှုပ်နှံမှု - Myanmar National Telecom Holdings Public Ltd | | ၂,၉၂၄,၅၈၃,၅၆၂ | ၂,၉၂၄,၅၈၃,၅၆၂ |
| | | | ၂,၉၂၄,၅၈၃,၅၆၂ | ၂,၉၂၄,၅၈၃,၅၆၂ |
| ၁၁ | <u>ရင်းနှီးမြှုပ်နှံမှု - Myanmar Kyauk Phyu SEZ Holding Consortium Public Co.,Ltd</u> | | | |
| | ရင်းနှီးမြှုပ်နှံမှု - MKSH Public Co.,Ltd | | ၁၀,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| | | | ၁၀,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ၁၂ | <u>ရင်းနှီးမြှုပ်နှံမှု - Myanmar Agro Alliance Terminal Co.,Ltd</u> | | | |
| | ရင်းနှီးမြှုပ်နှံမှု - Myanmar Agro Alliance Terminal Co.,Ltd | | ၂၀၀,၀၀၀,၀၀၀ | ၂၀၀,၀၀၀,၀၀၀ |
| | | | ၂၀၀,၀၀၀,၀၀၀ | ၂၀၀,၀၀၀,၀၀၀ |
| ၁၃ | <u>ကုန်လက်ကျန်</u> | | | |
| | ပြောင်းဆန် | | ၉,၇၉၂,၃၇၅,၃၂၇ | - |
| | BMP ပဲ ( SQ) | | - | ၈၃၄,၃၈၃,၉၂၀ |
| | | | ၉,၇၉၂,၃၇၅,၃၂၇ | ၈၃၄,၃၈၃,၉၂၀ |
| ၁၄ | <u>ဘဏ်အာမခံ</u> | | | |
| | ဘဏ်အာမခံ | | ၆၅၈,၂၆၃,၈၀၈ | ၆၅၈,၂၆၃,၈၀၈ |
| | | | ၆၅၈,၂၆၃,၈၀၈ | ၆၅၈,၂၆၃,၈၀၈ |

မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)

ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ

၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

| မှတ်စု | | မြန်မာကျပ်<br>၂၀၂၃-၂၀၂၄ | မြန်မာကျပ်<br>၂၀၂၂-၂၀၂၃ |
|---|---|---|---|
| ၁၅ | ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | | |
| | ငွေလက်ကျန် | ၂,၅၃၄,၃၂၈ | ၃,၃၁၁,၀၆၆ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - CB Special SMZ) | ၁၂၅,၇၁၇,၇၃၄ | ၅,၄၄၂,၂၄၉,၂၁၀ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - CB-Saving HO) | ၆၅၉,၀၄၆,၇၄၇ | ၆၇၉,၆၃၆,၇၆၉ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - CB-Current For Saving) | ၅၀၀ | ၅၀၀ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - CB-Call) | ၂,၃၀၁,၄၅၅ | ၁၆,၃၅၂,၇၂၀ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - CB-Saving SMZ) | ၂၂,၅၉၇,၉၉၄ | ၂၀၈,၁၅၉,၆၈၉ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - CB-Current For Saving SMZ) | ၁,၀၀၀ | ၁,၀၀၀ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - MCB-Call) | ၈၉၀,၈၀၈ | ၈၅၅,၈၄၂ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - MCB-Current) | ၉,၇၅၀ | ၉,၇၅၀ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - A-Bank-Call-Pathein) | ၃,၈၇၆,၁၇၅ | ၃,၆၈၇,၇၇၆ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - A-Bank-Saving-BAK) | ၁၀,၇၇၈,၀၁၁ | ၁၀,၂၃၁,၄၀၇ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - A-Bank-Current) | ၁၀,၀၀၀ | ၁၀,၀၀၀ |
| | ဘဏ်လက်ကျန် (မြန်မာကျပ် - MAB-Bank-Saving) | - | ၄,၀၃၅ |
| | ဘဏ်လက်ကျန် (ဒေါ်လာ - CB Bank ) | ၈,၄၂၀,၃၂၈ | ၈,၄၂၂,၄၂၈ |
| | ဘဏ်လက်ကျန် (ဒေါ်လာ - MFTB Bank ) | ၂၃၁,၀၀၀ | ၂၃၁,၀၀၀ |
| | | ၈၃၆,၄၁၅,၈၃၀ | ၆,၃၇၃,၁၆၃,၁၉၂ |
| | ဘဏ်အာမခံ | (၆၅၈,၂၆၃,၈၀၈) | (၆၅၈,၂၆၃,၈၀၈) |
| | ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | ၁၇၈,၁၅၂,၀၂၂ | ၅,၇၁၄,၈၉၉,၃၈၄ |
| | | | |
| ၁၆ | အခြားပေးရန်ရှိ (အမြတ်ဝေစု) | | |
| | စာရင်းဖွင့်လက်ကျန် | ၉၁,၃၂၀,၀၀၀ | ၁၅၁,၄၄၀,၂၅၀ |
| | အမြတ်ခွဲဝေပေးခြင်း | ၅၀၃,၀၁၇,၅၀၀ | ၅၀၃,၀၁၇,၅၀၀ |
| | နှစ်အတွင်းစာရင်းညှိနှိုင်းချက် | - | (၅,၉၆၂,၉၀၀) |
| | နှစ်အတွင်းပေးချေခြင်း | (၄၅၇,၈၅၀,၀၀၀) | (၅၅၇,၁၇၄,၈၅၀) |
| | | ၁၃၆,၄၈၇,၅၀၀ | ၉၁,၃၂၀,၀၀၀ |
| | | | |
| ၁၇ | ဝင်ငွေခွန်လျာထားချက်များ | | |
| | စာရင်းဖွင့်လက်ကျန် | ၁၂၆,၇၄၉,၂၆၅ | ၁၂၈,၉၆၂,၃၂၆ |
| | နှစ်အတွင်း ဝင်ငွေခွန် | ၉၈,၄၇၆,၇၀၈ | ၁၄၅,၄၇၉,၉၁၆ |
| | အခွန်ပေးခြင်း | (၅၅,၉၃၄,၆၈၀) | - |
| | ယခင်နှစ်များအတွက် စာရင်းညှိနှိုင်းချက် | (၇၀,၈၁၄,၅၈၅) | (၂၈,၈၆၆,၉၇၇) |
| | ကြိုတင်ဝင်ခွန်ငွေ (တင်ပို့ကုန်) | - | (၉၈,၈၂၆,၀၀၀) |
| | ကြိုတင်ဝင်ခွန်ငွေပေးခြင်း | (၁၀၀,၀၀၀,၀၀၀) | (၂၀,၀၀၀,၀၀၀) |
| | | (၁,၅၂၃,၂၉၁) | ၁၂၆,၇၄၉,၂၆၅ |

မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)

ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ

၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

| မှတ်စု | | မြန်မာကျပ် ၂၀၂၃-၂၀၂၄ | မြန်မာကျပ် ၂၀၂၂-၂၀၂၃ |
|---|---|---|---|
| ၁၈ | <u>ပေးရန်ရှိအသုံးစရိတ်များ</u> | | |
| | စာရင်းဖွင့်လက်ကျန် | ၅,၀၀၀,၀၀၀ | ၄၅,၁၁၆,၇၅၀ |
| | စာရင်းစစ်ဆေးခ | ၇,၀၀၀,၀၀၀ | (၉,၄၅၀,၀၀၀) |
| | တင်ပို့ကုန်များအတွက် ကြိုတင်ခွန် ပေးရန်ရှိ | (၅,၀၀၀,၀၀၀) | ၅,၀၀၀,၀၀၀ |
| | ဂိုဒေါင်ခ ပေးရန်ရှိ | - | (၃၃,၇၉၂,၀၀၀) |
| | စာရင်းညှိနှိုင်းချက်များ | - | (၁,၈၇၄,၇၅၀) |
| | အခြားပေးရန်ရှိများ | ၁၁၀,၀၀၀,၀၀၀ | - |
| | | ၁၁၇,၀၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |
| ၁၉ | <u>ဝင်ငွေ</u> | | |
| | ပြည်တွင်းအရောင်း (ပဲတီစိမ်း) | ၃,၀၂၀,၅၆၉,၃၀၀ | - |
| | ပြည်တွင်းအရောင်း (ပြောင်းစေ့) | ၂၅၄,၁၂၃,၁၀၀ | ၄,၉၄၁,၃၀၀,၀၀၀ |
| | ပြည်တွင်းအရောင်း (မတ်ပဲ) | ၁,၁၉၀,၃၈၈,၀၀၀ | - |
| | | ၄,၄၆၅,၀၈၀,၄၀၀ | ၄,၉၄၁,၃၀၀,၀၀၀ |
| ၂၀ | <u>ကုန်ရောင်းစရိတ်များ</u> | | |
| | စာရင်းဖွင့်ကုန်လက်ကျန် | ၈၃၄,၃၈၃,၉၂၀ | ၅,၂၉၇,၄၆၃,၉၅၂ |
| | ပဲအဝယ်စာရင်း (ပဲတီစိမ်း) | ၂,၂၈၁,၅၁၆,၂၃၃ | - |
| | ပဲအဝယ်စာရင်း (ပြောင်းစေ့) | ၁၁,၀၂၄,၆၃၆,၁၈၇ | - |
| | ပဲတီစိမ်း ကုန်ကျစရိတ် | ၂၇,၉၂၉,၅၆၁ | - |
| | ပြောင်းစေ့ ကုန်ကျစရိတ် | ၃၆,၂၆၇,၆၇၁ | ၆၂,၆၉၄,၂၅၀ |
| | ဂိုဒေါင်စရိတ် | ၁၄,၉၉၄,၁၀၀ | ၅၆,၇၁၅,၅၀၀ |
| | ဘဏ်စရိတ် | - | ၃,၇၀၀ |
| | စာရင်းပိတ်ကုန်လက်ကျန် | (၉,၇၉၂,၃၇၅,၃၂၇) | (၈၃၄,၃၈၃,၉၂၀) |
| | | ၄,၄၂၇,၃၅၂,၃၄၅ | ၄,၅၈၂,၄၉၃,၄၈၃ |
| ၂၁ | <u>အခြားဝင်ငွေ</u> | | |
| | ဘဏ်အတိုးရငွေ | ၅၆၅,၆၂၃,၈၉၃ | ၄၄၆,၉၈၆,၃၅၂ |
| | | ၅၆၅,၆၂၃,၈၉၃ | ၄၄၆,၉၈၆,၃၅၂ |
| ၂၂ | <u>စီမံခန့်ခွဲရေးနှင့် အထွေထွေစရိတ်</u> | | |
| | စာရင်းစစ်ကုန်ကျစရိတ် | ၇,၀၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |
| | နှစ်ပတ်လည် အထွေထွေအစည်းအဝေးစရိတ် | ၁,၃၀၄,၇၁၆ | ၃၉၂,၁၀၀ |
| | ကြော်ငြာစရိတ် | ၅၁၀,၀၀၀ | ၃၁၆,၀၀၀ |
| | ဘဏ်စရိတ်နှင့် ဘဏ်အာမခံကြေး | ၉၉,၃၅၉ | ၁၉၇,၄၅၈ |
| | ပုံနှိပ်ခြင်းနှင့် စာရေးကိရိယာ | ၉၇,၄၉၀ | ၇၀,၂၅၀ |
| | အထွေထွေစရိတ် | ၆,၃၄၄,၅၀၀ | ၁၄၃,၈၀၀ |
| | အသင်းဝင်ကြေးနှင့် လိုင်စင်ကြေး | ၆၈,၀၀၀ | ၁၇၃,၀၀၀ |
| | လစာနှင့် လုံခြုံရေးစရိတ် | ၂၁,၈၄၄,၀၀၀ | ၁၉,၂၀၀,၀၀၀ |

မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)

ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ

၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်

| မှတ်စု | မြန်မာကျပ်<br>၂၀၂၃-၂၀၂၄ | မြန်မာကျပ်<br>၂၀၂၂-၂၀၂၃ |
|---|---|---|
| **စီမံခန့်ခွဲရေးနှင့် အထွေထွေစရိတ်** | | |
| ဖုန်းနှင့် အင်တာနက်စရိတ် | ၃၅၀,၀၀၀ | ၈၆၁,၃၇၁ |
| တန်ဖိုးလျော့စရိတ် (Finance Lease) | ၂၈,၅၃၅,၃၇၂ | ၂၈,၅၃၅,၃၇၂ |
| တန်ဖိုးလျော့စရိတ် | ၁၄,၅၄၉ | ၁၄,၅၅၀ |
| | ၆၆,၁၆၇,၉၈၆ | ၅၄,၉၀၃,၉၀၁ |

၂၃ ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း

ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၉)ရက်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။

## မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်လီမိတက်(အမ်အေဂျီဒီပီအယ်လ်)
## (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်

<u>ပုံသေပိုင်ပစ္စည်းစာရင်း</u>

နောက်ဆက်တွဲဇယား(၁)

| စဉ် | အကြောင်းအရာ | တန်ဖိုးလျော့ ရာခိုင်နှုန်း | မူရင်းတန်ဖိုး | | | တန်ဖိုးလျော့စရိတ် | | | အသားတင်တန်ဖိုး |
|---|---|---|---|---|---|---|---|---|---|
| | | | စာရင်းဖွင့်လက်ကျန် | အသစ်ဝယ်ခြင်း | စာရင်းပိတ်လက်ကျန် | စာရင်းဖွင့် တန်ဖိုးလျော့ | နှစ်အတွင်း တန်ဖိုးလျော့ | စာရင်းပိတ် တန်ဖိုးလျော့ | |
| | <u>ပုံသေပိုင်ပစ္စည်း</u> | | | | | | | | |
| ၁ | ငှားရမ်းထားသော မြေ (Right of Use Assets | ၂% | ၁,၄၂၆,၇၆၈,၅၄၉ | - | ၁,၄၂၆,၇၆၈,၅၄၉ | ၁၉၉,၇၄၇,၆၀၀ | ၂၈,၅၃၅,၃၇၁ | ၂၂၈,၂၈၂,၉၇၁ | ၁,၁၉၈,၄၈၅,၅၇၈ |
| ၂ | Thilawa Port Area Plot No. 29 | | - | ၉၆၀,၆၁၄,၅၀၀ | ၉၆၀,၆၁၄,၅၀၀ | - | - | - | ၉၆၀,၆၁၄,၅၀၀ |
| ၃ | ကွန်ပြူတာနှင့် ဆက်စပ်ပစ္စည်းများ | ၁၀% | ၁၄၅,၅၀၀ | - | ၁၄၅,၅၀၀ | ၁၃၀,၉၅၀ | ၁၄,၅၄၉ | ၁၄၅,၄၉၉ | ၁ |
| | | | ၁,၄၂၆,၉၁၄,၀၄၉ | ၉၆၀,၆၁၄,၅၀၀ | ၂,၃၈၇,၅၂၈,၅၄၉ | ၁၉၉,၈၇၈,၅၅၀ | ၂၈,၅၄၉,၉၂၀ | ၂၂၈,၄၂၈,၄၇၀ | ၂,၁၅၉,၁၀၀,၀၇၉ |